**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၂၀ ရက်မြောက်နေ့ အစီအစဉ်**

**[ ၂၀–၁၀–၂၀၁၄ ] (တနင်္လာနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်(ကိုယ်စား) ဦးငွေဝင်း၊ လယ်ဝေး မဲဆန္ဒနယ်၏ **ဆီထွက်သီးနှံများ ပြည်ပတင်ပို့မှုနှင့် ပြည်ပမှ စားအုန်းဆီ တင်သွင်းမှု စသည်တို့၏ ကုန်သွယ်မှု မူဝါဒကို ပြုပြင်ပြောင်းလဲရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမောင်မောင်တင်၊ ရေကြည် မဲဆန္ဒနယ်၏ **ဖွံ့ဖြိုးတိုးတက်မှု အားနည်းသော မြို့ပေါ်ရပ်ကွက်များအတွက် လိုအပ်သော ဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုင်ငံတော်မှ ထောက်ပံ့ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့မှ အိန္ဒိယနိုင်ငံ၊ အင်ဖာမြို့ထိ တရားဝင်သွားလာခွင့် ရရှိနိုင်ရန်မည်သည့်အချိန်တွင် စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဘထီး၊ ရမ်းဗြဲ မဲဆန္ဒနယ်(ကိုယ်စား) ဦးထွန်းအောင်ခိုင်၊ ပေါက်တော မဲဆန္ဒနယ်၏ **ပြည်တွင်းဘဏ်များမှ အပ်ငွေအပေါ် အပြိုင်အဆိုင် အတိုးနှုန်းပေးမှု အလွန်အကျွံ မဖြစ်ပေါ်စေရေးနှင့် Bankrupt မဖြစ်ရေးတို့အား မည်သို့ထိန်းချုပ်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒုတိယဗိုလ်မှူးကြီးအောင်မင်းဆွေ၊ တပ်မတော်သားကိုယ်စားလှယ်၏ **စာသင်ကျောင်းများတွင် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးအတွက် ပညာပေးနေမှုနှင့် လေ့ကျင့်ဆောင်ရွက်နေမှု ရှိ၊မရှိကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။